# ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၏ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းအပေါ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားချက်

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၏ ကြယ်ပွင့်ပြမေးခွန်းအဖြစ် "ရခိုင်ပြည်နယ်တွင်ဆောင်ရွက်ရန် စီစဉ်ထားသော ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိပုံများအား မည်ကဲ့သို့ အဆင့်ဆင့်ဆောင်ရွက်နေကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့်အကျိုးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုဆိုင်ရာ တွက်ချက်ထားပုံနှင့် လူမှုရေး/ စီးပွားရေးအကျိုးကျေးဇူးများ မည်သည့်အတိုင်းအတာအထိ ရရှိနိုင်ကြောင်းစသည်တို့အား ပြည်သူသို့ရှင်းလင်းတင်ပြပေးနိုင်ခြင်းရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်းလာပါသည်။

၂။ ရခိုင်ပြည်နယ်တွင်ဆောင်ရွက်ရန်စီစဉ်ထားသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း နှင့်ပက်သက်၍ အောက်ပါအတိုင်း အဆင့် (၄)ဆင့်ဖြင့် ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်-

(က) ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊

(ခ) ဆောင်ရွက်မည့်နည်းလမ်း၊

(ဂ) သဘာဂပတ်ဂန်းကျင်ထိခိုက်မှုဆိုင်ရာတွက်ချက်ထားပုံ၊

(ဃ) စီမံကိန်းမှရရှိနိုင်မည့် လူမှုရေး၊ စီးပွားရေးအကျိုးရလာဒ်များ။

၃။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အဆင့်(၄)ဆင့်ဖြင့် စနစ်တကျ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိပါသည်-

(က) ပထမအဆင့်ဖြစ်သည့် စိတ်ကူးစီမံချက် (Conceptual Plan) ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ လည်းကောင်း၊

(ခ) ဒုတိယအဆင့်ဖြစ်သည့် အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိလည်းကောင်း၊

(ဂ) တတိယအဆင့်ဖြစ်သည့် ရင်းနှီးတည်ဆောက်သူ (Developers) များအား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို ၂၀၁၄ခုနှစ်၊ မတ်လမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ လည်းကောင်း၊

(ဃ) စတုတ္ထအဆင့်အနေဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍လည်းကောင်း အဆင့်ဆင့်စီစဉ်ကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေဖြင့် ယခုအခါ ပထမအဆင့်နှင့် ဒုတိယအဆင့်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကာ တတိယအဆင့်ဖြစ်သည့် ရင်းနှီးတည်ဆောက်သူ (Developers) များအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အိတ်ဖွင့်တင်ဒါခေါ်ယူတဲ့ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါသည်။

**ပထမအဆင့် စိတ်ကူးစီမံချက်ရေးဆွဲသည့်လုပ်ငန်း(၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ)**

၅။ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ပထမအဆင့်ဖြစ်သည့် (Conceptual plan) ရေးဆွဲခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် ပထမ(၂)လခန့်မှာ ပြည်တွင်းပြည်ပမှ တတ်သိနားလည်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များ အထူးသဖြင့်ဒေသခံ ရခိုင်တိုင်းရင်းသား (resource persons)များနှင့် လူထုအခြေပြု လူမှုရေးအဖွဲ့အစည်းများ၊ ရခိုင်သဟာရအသင်းစသဖြင့် ရခိုင်လူမှုအဖွဲ့အစည်းအချို့နှင့် တိုင်ပင်ဆွေးနွေးခြင်းများပြုလုပ်ကာ ပြင်ဆင်မှုများကို စတင်လုပ်ဆောင်ခဲ့ပါသည်။

၆။ Conceptual Plan ကို ကူညီရေးဆွဲနေစဉ်ကာလမှာလည်း Japan Development Institute (JDI) မှ ပညာရှင်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကြံပေးအဖွဲ့ဝင်များ၊ မိတ်ဘက်အဖွဲ့ပေါင်းစုံတို့ပါဝင်သည့် အဖွဲ့သည် ကျောက်ဖြူမြို့သို့ အကြိမ်ကြိမ်သွားရောက်ကာ ကွင်းဆင်းလေ့လာခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ကာ မြေပြင်အနေအထားအား ကနဦးဆန်းစစ်လေ့လာခြင်း၊ ဒေသခံပြည်သူများ၏ သဘောထားအမြင်များကို ရယူခြင်းများ ပြုလုပ်ခဲ့ပါသည်။

၇။ ရန်ကုန်တွင်လည်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်ပြီး မိတ်ဘက် အဖွဲ့ပေါင်းစုံပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ (၁၅)ရက်နေ့တွင် IBC ခန်းမ၌ ပထမအကြိမ်နှင့် ၂၀၁၃ ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် ရန်ကုန်မြို့ MICT Park မှာ How to Develop an Environmental Friendly Kyauk Phyu SEZ ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ကာ မိတ်ဖက်အဖွဲ့ပေါင်းစုံ၏ အကြံပြုချက်များနှင့် သဘောထားများကိုရယူကာ စီမံကိန်းအား

စတင်အစီအစဉ်ရေးဆွဲသည့် အဆင့်ကတည်းကပင် ဒေသခံပြည်သူလူထု၊ မိတ်ဖက်အဖွဲ့ပေါင်းစုံတို့၏ သဘော ထားများ၊ အကြံပြုချက်များကို ရယူနိုင်ခဲ့ပါသည်။

၈။ သို့ဖြစ်ပါ၍ ဤပထမအဆင့်မှာ ဒေသခံပြည်သူလူထုများ၏ သဘောထားများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအပါအဝင် ဒေသခံများ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဦးစားပေးဆောင်ရွက်နိုင်မည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ထွန်းလာနိုင်မည့် စိတ်ကူးစီမံချက် (Conceptual Plan) တစ်ခုကိုရေးဆွဲနိုင်ခဲ့ပါသည်။

၉။ ထိုရေးဆွဲထားသည့် စိတ်ကူးစီမံချက် (Conceptual plan) ကို ဗဟိုလုပ်ငန်းအဖွဲ့၏ လမ်းညွှန်မှုနှင့်အတည်ပြုချက်များရယူကာ ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက် (၄)မိုင်ခန့်အကွာရှိ စစ်တောကျေးရွာနှင့် စည်မော်ကျေးရွာများ အနီးတစ်ဝိုက်ရှိရေနက်ဆိပ်ကမ်းတည်ဆောက်ရန် သင့်တော်သည့် နေရာနှင့် ဆက်စပ်လျက်ရှိသော မြေဧရိယာ ဧက (၁၀၀၀) ကျော်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအား အကြမ်းဖျင်းလျာထားကာ သတ်မှတ်ရေးဆွဲနိုင်ခဲ့ပါသည်။

၁၀။ ၄င်းအပြင် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့တွင် ကျရောက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကိုလေ့လာ စောင့်ကြည့် ကြပ်မတ်ရန်အတွက် ဒေသခံအများစု ပါဝင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံစောင့်ကြည့်လေ့လာရေးအဖွဲ့ (Multi-Stakeholder Monitoring Committee) ကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါသည်။

**ဒုတိယအဆင့် အကြံပေးကုမ္ပဏီ အိတ်ဖွင့်တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ် ( ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ)**

၁၁။ ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ အခန်း(၆) အပိုဒ် (၁၄)ပါ ပြဋ္ဌာန်းချက်ဖြစ်တွင် ဗဟိုအဖွဲ့သည် -

(က) ရင်းနှီးတည်ဆောက်သူကို တင်ဒါခေါ်၍ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်နိုင်သည်၊

(ခ) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူကို အခြားနည်းဖြင့် ရွေးချယ် မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် အများပြည်သူပါဝင်ပြီး ပွင့်လင်းမြင်သာမှုတို့ကို ထည့်သွင်းစဉ်းစားလျက် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူအား ဦးစားပေးရွေးချယ်နိုင်သည်ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အကြမ်းရေးဆွဲထားသော

စိတ်ကူးအစီအစဉ် conceptual Plan အပေါ် အခြေခံကာ ဒုတိယအဆင့်ဖြစ်သော အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

၁၂။ ဒုတိယအဆင့်တွင်အဓိကအောင်မြင်မှု (၂) ခုအနေဖြင့် အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လူထုအခြေပြုအဖွဲ့အစည်းများမှ ဒေသခံအများစုပါဝင်တဲ့ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ရေးရာနဲ့အင်ဂျင်နီယာပိုင်း၊ ဥပဒေပိုင်းဆိုင်ရာတို့တွင် တတ်သိနားလည်သော အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ(Bid Evaluation and Awarding Committee) BEAC ကို ဖွဲ့စည်းတာဝန်ပေးနိုင်ခဲ့ကာ အကြံပေးကုမ္ပဏီအား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်အတွက် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ရွေးချယ်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လုပ်ဆောင်နိုင်ခဲ့ပါသည်။

**တတိယအဆင့် ရင်းနှီးတည်ဆောက်သူ (Developers) များ အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့်လုပ်ငန်း(၂၀၁၄ ခုနှစ် မတ်လမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ)**

၁၃။ ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်လုပ်ဆောင်မှု၏ တတိယအဆင့်ဖြစ်သော ရင်းနှီးတည်ဆောက်သူ (Developers) များ အိတ်ဖွင့် တင်ဒါခေါ်ယူတဲ့ လုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်၊ မတ်လမှစတင်ကာ အကောင်အထည်ဖော် လုပ်ဆောင်နေပြီဖြစ်ပါသည်။

၁၄။ ဤအဆင့်တွင် အဓိကအရေးပါသော လုပ်ဆောင်ချက်များအနေဖြင့် ငှားရမ်းထားသည့် အကြံပေးကုမ္ပဏီအုပ်စုမှ လုပ်ဆောင်ပေးရမည့် စီမံကိန်းဖြစ်နိုင်ခြေအလားအလာများကို စာတွေ့၊ လက်တွေ့ လေ့လာဆန်းစစ်မှုများ (Feasibility Study) ပြုလုပ်ကာ ဒေသတစ်ခုလုံးလွှမ်းခြုံသည့် မဟာစီမံချက် (Regional Master Plan)ရေးဆွဲခြင်းနဲ့ ရင်းနှီးတည်ဆောက်သူ(Developers)များ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့်ရွေးချယ်ခြင်းများအပြင် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

(က) အထူးစီးပွားရေးဇုန်အား ကော်ပိုရေးရှင်းများနည်းတူ လည်ပတ်လုပ်ဆောင်လာနိုင်အောင် စီမံခန့်ခွဲမှုကော်မတီအား စနစ်တကျ ဖွဲ့စည်းခြင်း၊

(ခ) စီမံကိန်းနယ်မြေ အတည်ပြုသတ်မှတ်ကြေညာခြင်း၊

(ဂ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကနဦးလေ့လာဆန်းစစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်နှင့်လူမှုရေး၊ စီးပွားရေး ထိခိုက်လာနိုင်သည့် အခြေအနေများနှင့် ထိခိုက်မှုများမရှိအောင်ဆောင်ရွက်ထားရှိသည့် အစီအမံများပါရှိသည့် လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာများရေးဆွဲခြင်း၊

(င) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်း (သင့်တင့်မျှတသော လျော်ကြေးငွေပေးခြင်း၊ နဂိုဝင်ငွေထက်မနည်းသော အလုပ်အကိုင်များ အသက်မွေးဝမ်းကျောင်းမှုများဖန်တီးပေးခြင်း၊ နဂိုထက် တိုးတက်ကောင်းမွန်သော လူနေမှုအဆင့်အတန်းများ) ကိုပိုင်ဆိုင်နိုင်ရန် အစီအမံများပါရှိသည့် ကမ္ဘာ့ဘဏ် (World BanK) ၏ Involuntary Resettlement Sourcebook ပါ လမ်းညွှန်ချက် စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်နေရာချထားခြင်းဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

(စ) ဂန်ထမ်းများ စွမ်းရည်မြှင့်တင်မှုသင်တန်းများ၊ ဒေသခံများအတွက် ကျွမ်းကျင်မှုမြှင့်တင်သည့် သင်တန်းများ ညှိနှိုင်းဖွင့်လှစ်ပေးခြင်းတို့ကို စီစဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

**စတုတ္ထအဆင့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း (၂၀၁၅ ခုနှစ်ဇန်နဝါရီလ)**

၁၅။ ယခုအခါတွင် အကြံပေးကုမ္ပဏီအုပ်စုမှကျောက်ဖြူခရိုင်တစ်ခုလုံးလွှမ်းခြုံနိုင်မည့် မဟာစီမံချက် (Regional Master Plan) လေ့လာရေးဆွဲလျက်ရှိရာ ကနဦးအဆိုပြုချက်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး အဆိုပြုချက်အနေဖြင့် ဒေသခံများ နိုင်ငံသားများ ပါဝင်လုပ်ဆောင်နိုင်ခွင့်ရရေး၊ ရေရှည်တည်တံ့သော စီးပွားရေးတစ်ခုဖြစ်ရေးဆိုသည့် မူဝါဒရည်ရွယ်ချက်များကို အကောင်အထည်ဖော်ပေးနိုင်သော ရေနက်ဆိပ်ကမ်းကို အခြေပြုကာကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ရေးအပိုင်းကို ဦးစားပေးသည့် ထောက်ပို့လုပ်ငန်းများ ပါဝင်နိုင်သည့် လုပ်ငန်းအမျိုးအစားများကို စုစည်းကာ ရေနက်ဆိပ်ကမ်းရင်းနှီးတည်ဆောက်သူ၊ ဆောက်လုပ်ရေးနှင့်ဆိုင်သော ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများ (CIP) ၊ အထည်အလိပ်လုပ်ငန်းနှင့်ဆိုင်သော စက်မှုလုပ်ငန်းများ (TIP) ပါဝင်သည့်

စက်မှုဥယျာဉ် ရင်းနှီးတည်ဆောက်သူနှင့် လူနေအိမ်ရာများဆောက်လုပ်ခြင်း (Residential Development) စသည်ဖြင့် တင်ဒါ (၃) ခု ခွဲကာ ခေါ်ယူမည့် အကြံပေးကုမ္ပဏီမှ တင်သွင်းလာသည့် Master Plan မူကြမ်းကို BEAC အဖွဲ့မှ သုံးသပ်အကြံပြုလျက်ရှိပါသည်။

**ဆောင်ရွက်မည့်နည်းလမ်း**

၁၆။ အထူးစီးပွားရေးဇုန်လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်စဉ်မှစ၍ ယခုအချိန်ထိ လုပ်ငန်းတိုင်းအဆင့်တိုင်းကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒ သဘောထားများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အပြင် အောက်ပါနည်းလမ်းများကိုပါ ဆောင်ရွက်လျက်ရှိပါသည်-

(က) သက်ဆိုင်သူများအားလုံးပါဝင်နိုင်သည့်နည်းလမ်း (Participatory Approach)

(ခ) ပြည်သူလူထု၏သဘောထားကို အခြေခံသည့် နည်းလမ်း (Bottom-Up Approach)

(ဂ) သက်ဆိုင်တဲ့ မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့်နည်းလမ်း (Consultative Approach)

(ဃ) ပွင့်လင်းမြင်သာသည့် နည်းလမ်း (Transparent Approach)

(င) တာဝန်ခံနိုင်သည့်နည်းလမ်း (Accountable Approach)

အထက်ပါနည်းလမ်းများကို အသုံးပြုကာ ပြည်တွင်းပြည်ပမှ တတ်သိနားလည်သော ပညာရှင်များ၏ အကြံဉာဏ်များကိုရယူခြင်း၊ ဒေသခံ ပြည်သူလူထု၏ သဘောထားအမြင်များကို သိရှိကာထည့်သွင်းစဉ်းစားနိုင်ရန်အတွက်၊ ရခိုင်တိုင်းရင်းသား အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အထူးစီးပွားရေးဇုန်စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်နိုင်သည့် မိတ်ဖက်အဖွဲ့များနှင့်အတူ ဆွေးနွေးတိုင်ပင် လုပ်ဆောင်လျက် ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ တွက်ချက်စီမံထားပုံ**

၁၇။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာအနေဖြင့် ယခုလက်ရှိလုပ်ဆောင်နေသော ဒေသတစ်ခုလုံး လွှမ်းခြုံသည့် မဟာစီမံချက် (Regional Master Plan)ရေးဆွဲခြင်း လုပ်ငန်းများ၌ စီမံကိန်းမြေနေရာများ လျာထားသတ်မှတ်နိုင်ရန် ဖြစ်နိုင်ခြေရှိ/မရှိ ၊ ဆန်းစစ်မှုများလုပ်ဆောင်သည့် အဆင့်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် အတွက် ပြင်ဆင်တွက်ချက်မှုများအနေဖြင့် အထူးစီးပွားရေးဇုန်တည်ဆောက်မည့် နေရာများအား အောက်ပါအတိုင်းရွေးချယ်ထားရှိပါသည်-

(က) ကန့်သတ်တားမြစ်ထားသည့်နေရာများဖြစ်သော သစ်တောဇရိယာနှင့် ဒီရေရောက်တော များကို ချန်လှပ်ထားခြင်း၊

(ခ) သဘာဝမိုးရေများ ထိန်းသိမ်းသိုလှောင်ထားနိုင်သည့်နေရာများနှင့် ရေရနိုင်သည့် အရင်းအမြစ် နေရာများကို သတ်မှတ်ကာ ကန့်သတ် ထိန်းသိမ်းထားခြင်း၊

(ဂ) သဘာဝရှုခင်းများလေ့လာရန်အတွက် အလားအလာကောင်းသည့်နေရာများဖြစ်သော ပင်လယ်ကမ်းခြေများ၊ ရွှံ့မီးတောင်အနီးနေရာများ၊ စိုက်ပျိုးပန်းမန် ရှုခင်းအလှများရနိုင်သည့် နေရာများကို ချန်လှပ်ထိန်းသိမ်းထားခြင်း၊

(ဃ) မြေပြိုမှုများမှရှောင်ရှားနိုင်ရန်အတွက် မြေပြန့်များအားရွေးချယ်ကာ အထူးစီးပွားရေးဇုန် တည်ဆောက်ရန်သင့်တော်သောနေရာများကိုသာ ရွေးချယ်ခြင်း၊

(င) သာသနာနိကအဆောက်အဦနေရာများ၊ ကျေးရွာသုသာန်မြေနေရာများကို ချန်လှပ်ထားရှိကာ မဟာစီမံချက် (Master Plan) အား ကွင်းဆင်းလေ့လာကာ စနစ်တကျရွေးချယ် ဆောင်ရွက်လျက်ရှိပါသည်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များပြားသော (သို့မဟုတ်) ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အားနည်းသောကုမ္ပဏီများကို လုပ်ကိုင်ခွင့်မပြုရန် စိစစ်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်သွားမှာဖြစ်ပါသည်။

၁၈။ အသေးစိတ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ခြင်း အပြည့်အစုံကို ရင်းနှီးတည်ဆောက်သူများ (Developer)များမှ စီမံကိန်းများ အဆိုပြုသည့်အခါ တင်ပြကာ ခွင့်ပြုချက်နှင့်အညီဆောင်ရွက်မည်ဖြစ်ပါသည်။

**စီမံကိန်းမှရရှိနိုင်မည့် လူမှုရေးစီးပွားရေးအကျိုးကျေးဇူးများ**

၁၉။ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်မည့် လူမှုရေး/စီးပွားရေး အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊

(ခ) အလုပ်လက်မဲ့မြင့်မားခြင်းကို လျှော့ချလာနိုင်ပြီး ဒေသခံများ၊ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိနိုင်မည်ဖြစ်သည့်အပြင် ၎င်းတို့၏ ့ မိသားစုများပါ စီးပွားရေးအဆင်ပြေလာနိုင်ခြင်း၊

(ဂ) ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ အနေဖြင့် ၎င်းတို့ တတ်သိနားလည်ထားသော အတွေ့အကြုံ အသိပညာများဖြင့် မိမိနိုင်ငံသို့ ပြန်လာကာ အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခြင်း၊

(ဃ) စီးပွားရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာကို ပိုမိုကျယ်ပြန့်လာစေရေး အတွက် အထောက်အပံ့ဖြစ်လာနိုင်ခြင်း

(င) မူဝါဒအသစ်၊ ချဉ်းကပ်မှုအသစ်များအတွက် လက်တွေ့စမ်းသပ်ခန်းသဖွယ် ဆောင်ရွက်ကာ စီးပွားရေးမူဝါဒသစ်များ ချမှတ်ရာတွင် အထောက်အပံ့ ရလာနိုင်ခြင်း၊ ဥပမာအားဖြင့် လက်ရှိအဆိုပြုထားသော အကောင်အထည် ဖော်ဆောင်မည့် စက်မှုဥယျာဉ်စီမံကိန်း တစ်ခုတည်းမှ လျာထားချက် စက်ရုံ၊ အလုပ်ရုံ (၁၁၈) ရုံခန့်တွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၄၂၄၀၀) ခန့် ဖန်တီးနိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားရှိပါသည်။

၂၀။ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသည် ၂၀၄၅ ခုနှစ်အထိ နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်ကာ စီစဉ်ထားပါသဖြင့် စီမံကိန်းများအလိုက် ရွေးချယ်ထားသည့် စက်မှုလုပ်ငန်းများတွင် ကျောက်ဖြူဒေသအပါအဝင် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအား လမ်းဖွင့်ပေးခြင်းဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအထိလွှမ်းမိုးမှုရှိရေး၊ စီးပွားရေးအကျိုး အမြတ်များကို မျှဝေခံစားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါသည်။